## ၂၇-၃-၂၀၂၄ ရက်နေ့မှ ၁၅-၄-၂၀၂၄ ရက်နေ့ထိအလုပ်ရုံစစ်ဆေးရေးဌာနခွဲ၏ လုပ်ဆောင်ချက်များ

**(၁) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း**

လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းပပျောက်စေရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ ပိုမိုရရှိစေရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ ၂၇-၃-၂၀၂၄ ရက်နေ့မှ ၁၅-၄-၂၀၂၄ ရက်နေ့ထိ အလုပ်သမား (၅၀) ဦးနှင့်အထက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများတွင် ကော်မတီ (၁) ဖွဲ့ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။

**(၂) လုပ်ငန်းခွင် ပတ်ဝန်းကျင် အခြေအနေ တိုင်းတာအကဲဖြတ်ခြင်း**

လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေများ တိုးတက်ကောင်းမွန်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဆူညံသံ၊ အလင်းရောင်၊ လေဝင်လေထွက်၊ စိုထိုင်းဆ၊ တုန်ခါမှု စသည့် အခြေအနေတို့အား ကွင်းဆင်းတိုင်းတာအကဲဖြတ်လျက်ရှိရာ ၂၇-၃-၂၀၂၄ ရက်နေ့မှ ၁၅-၄-၂၀၂၄ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ (၄၂) ရုံတွင် လုပ်ငန်း ခွင်ပတ်ဝန်းကျင်အခြေအနေများ တိုင်းတာခဲ့ပါကြောင်းနှင့် တိုင်းတာခဲ့သည့် စက်ရုံများအနက် စက်ရုံ (၁၈) ရုံတွင် သတ်မှတ်အလင်းရောင်ပမာဏအတွင်း မရှိခြင်း၊ စက်ရုံ (၄) ရုံတွင် သတ်မှတ် ဆူညံသံပမာဏထက် ကျော်လွန်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် စက်ရုံများသို့ လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်စေရေးအတွက် ညွှန်ကြားချက်နှင့် အကြံပြုချက်များ ထုတ်ပြန်ခဲ့ပါသည်။

**(၃) သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးခြင်း**

ဦးစီးဌာနအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများ၏ အသိအမြင်အား မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် စက်ရုံ၊ အလုပ်ရုံများမှ ပိုင်ရှင်၊ မန်နေဂျာနှင့် အလုပ်သမားများအား ဦးစီးဌာနမှ စစ်ဆေးစည်းကြပ်လျက်ရှိသည့် အလုပ်သမားဥပဒေဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို သင်ထောက်ကူပြုမော်တော် ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် ပို့ချပေးလျက်ရှိရာ ၂၇-၃-၂၀၂၄ ရက်နေ့မှ ၁၅-၄-၂၀၂၄ ရက်နေ့

အထိ ရန်ကုန်တိုင်းဒေသကြီးတွင် (၂) ကြိမ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် (၂) ကြိမ်၊ စုစုပေါင်း (၄) ကြိမ်၊ အလုပ်သမား (၁၀၀) ဦးအား သင်ထောက်ကူပြု မော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၌ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ တိုင်းတာစစ်ဆေးခဲ့မှု မှတ်တမ်းဓါတ်ပုံများ**



**၉-၄-၂၀၂၄ ရက်နေ့၌ Harmony Myanmar Co., Ltd အထည်ချုပ်စက်ရုံတွင် တိုင်းတာနေပုံ**



၄-၄-၂၀၂၄ ရက်နေ့၌ Heng Mei Apparel company limited အထည်ချုပ်စက်ရုံတွင် တိုင်းတာနေပုံ

ရန်ကုန်တိုင်းဒေသကြီး၌ သင်ထောက်ကူပြုမော်တော်ယာဉ် (Mobile Training Bus) ဖြင့် အသိပညာပေးဆွေးနွေးမှု မှတ်တမ်းဓါတ်ပုံများ



၅-၄-၂၀၂၄ ရက်နေ့တွင် Shwe Sakar Co,Ltd (ရွှေစကားအထည်ချုပ်စက်ရုံ) ၌ အသိပညာပေးဆွေးနွေးနေပုံ



၅-၄-၂၀၂၄ ရက်နေ့တွင် မိဘဂုဏ်ရည်အထည်ချုပ်စက်ရုံ၌ အသိပညာပေးဆွေးနွေးနေပုံ